# CBI Newsletter

**Reaching the NGO Community Nationwide**

CAPACITY BUILDING INITIATIVE

*Volume 12, Issue 3* — *October 2011*

## Our Vision

Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

## Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.

## ရည်မှန်းချက်

စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

## Contact CBI

Room No. 201-202, Tower B, Diamond Condo,
No. 497, Pyay Road, Kamayut Township,
Yangon, Myanmar
Phone/Fax : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm,
cbi@baganmail.net.mm,
cbitraining@cbiinmyanmar.org
Website : www.cbiinmyanmar.org

## စီဘီအိုင်ကို ဆက်သွယ်ရန်

အခန်း ၂၀၁-၂၀၂ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊
အမှတ် ၄၉၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ် - ၅၀၁ ၃၇၉၊ ၅၂၃ ၆၇၅၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm,
cbi@baganmail.net.mm,
cbitraining@cbiinmyanmar.org
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org

## Contents

News for NGO Community .......... 2
Trainings/ Consultancy Services from CBI .......... 2-9
Latest News from LRC .......... 10-11
Update NGO Contact Information
LRC Training Calendar
CBI Resource Centre .......... 12

## မာတိကာ

စီဘီအိုင်မှ သတင်းစကား .......... ၂
စီဘီအိုင် သင်တန်းများနှင့် ဝန်ဆောင်မှုများ .......... ၂-၉
ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့မှ သတင်းအချက်အလက်များ .......... ၁၀-၁၁
သတင်းအချက်အလက်များ
ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့၏ သင်တန်းအချိန်ဇယား
စီဘီအိုင် အရင်းအမြစ်ဌာန .......... ၁၂

*Limited for Internal Circulation Only*

## News for NGO Community

CBI will plan to conduct trainings and workshops on Management, Project Related, Community Based Approach, Organizational Development, Human Resource Development, and Personal Skill Development. Detail and particular type of training courses will be announced after CBI complete a training need assessments (TNA) with cooperation, collaboration and support of International and Local NGOs in very near future. We believe our TNA process will receive good support and cooperation from International and Local NGOs.

### သတင်းစကား

စီဘီအိုင်အနေနဲ့ စီမံခန့်ခွဲမှု၊ စီမံချက်၊ လူထုအခြေပြု၊ အဖွဲ့အစည်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှု အစရှိတာတွေနဲ့ သက်ဆိုင်တဲ့ သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပသွားဖို့ စီစဉ်လျက်ရှိပါတယ်။ မကြာမီ အချိန်အတွင်းမှာ အပြည်ပြည်ဆိုင်ရာနဲ့ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင် ထောက်ပံ့ပေးမှုတွေနဲ့အတူ သင်တန်းလိုအပ်ချက်ဆန်းစစ်မှုကို ပြုလုပ်မှာဖြစ်ပြီး အဲနောက်မှာတော့ သင်တန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကြေညာပေးသွားမှာပါ။ သင်တန်းလိုအပ်ချက်ဆန်းစစ်မှုကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင် ထောက်ပံ့မှုအပြည့်နဲ့ ပြုလုပ်သွားနိုင်မယ်လို့ စီဘီအိုင်အနေနဲ့ ယုံကြည်ပါတယ်။

## Organizational Capacity Assessment (OCA) and Strategic Planning Workshops



CBI has been conducting Organizational Capacity Assessment (OCA) workshop for Local NGOs to understand their current situation and to achieve success in the future. By doing self-assessment of the organizational capacity against base line criteria on seven areas, organizations will be able to identify the needs to improve for better performance of their organizations. Moreover, the comments, ideas, suggestions and the supports needed were discussed and shared

The organizations which conducted OCA workshops can be organized Strategic Planning Workshops. The purpose of the Strategic Planning Workshops was to identify the consensus vision and mission statement and to develop the long term strategic plan to achieve the vision. The organizations can find out external effects by doing PEST analysis. Besides they can identify strengths and weakness because of SWOT analysis.

During the month of July, August and September, CBI conducted 10 OCA Workshops and 3 Strategic Planning Workshops for Local NGOs.

### အဖွဲ့အစည်းစွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ



စီဘီအိုင်အနေနဲ့ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေကို သူတို့ရဲ့ လက်ရှိအခြေအနေတွေ ကို သိမြင်နားလည်သွားပြီး နောင်အနာဂတ်မှာ အောင်မြင်မှုတွေရရှိနိုင်ဖို့အတွက် အဖွဲ့အစည်း စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးလျက်ရှိနေပါတယ်။ အခြေခံအားဖြင့် သတ်မှတ်ထားတဲ့ အဖွဲ့အစည်းဆိုင်ရာ နယ်ပယ် ၇ ခုကို ကိုယ်တိုင်လေ့လာ ဆန်းစစ်ခြင်းအားဖြင့် အဖွဲ့အစည်းတွေအနေနဲ့ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်သွားနိုင်ဖို့အတွက် တိုးတက်ဖွံ့ဖြိုးဖို့ လိုအပ်နေတယ်ဆိုတာတွေကို သတ်မှတ်နိုင်ပါတယ်။ ဒါ့အပြင် သုံးသပ်ချက်တွေ၊ အကြံဉာဏ်တွေ၊ အကြံပြုချက်တွေနဲ့ လိုအပ်နေတဲ့ အထောက်အပံ့ဆိုင်ရာများကိုလည်း အလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးဖလှယ်နိုင်ပါတယ်။

အဖွဲ့အစည်းများအနေဖြင့် စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ပြီးတဲ့နောက် မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ဆက်လက်လုပ်ဆောင်နိုင်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကိုတော့ အဖွဲ့အစည်းအတွင်းရှိ အများစုရဲ့ဆန္ဒသဘောထားတွေနဲ့ ကိုက်ညီတဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်တွေ သတ်မှတ်ဖို့နဲ့ အဲဒီမျှော်မှန်းချက်တွေ ပြည့်ဝစေဖို့အတွက် ရေရှည်မဟာဗျူဟာစီမံကိန်းတွေ ရေးဆွဲချမှတ်ဖို့ ရည်ရွယ်ပြီး ပြုလုပ်တာပဲဖြစ်ပါတယ်။ အဖွဲ့အစည်းများအနေဖြင့် PEST ဆန်းစစ်ခြင်းကြောင့် သက်ရောက်လာနိုင်တဲ့ အဖွဲ့အစည်းအတွင်းနဲ့ ပြင်ပအခြေအနေတွေကို လေ့လာသုံးသပ်နိုင်သလို SWOT ဆန်းစစ်ချက်အရလည်း အဖွဲ့ရဲ့ အားသာချက်၊ အားနည်းချက်တွေကိုလည်း သိမြင်လာနိုင်မှာဖြစ်ပါတယ်။ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလတွေအတွင်းမှာပဲ စီဘီအိုင်အနေနဲ့ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေအတွက် အဖွဲ့အစည်း စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ၁၀ခုနဲ့ မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၃ ခုပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။

## Evolution of Participatory Approaches

CBI training team conducted series trainings of Evolution of Participatory Approaches to provide the participants an opportunity to learn community development process, early development and contemporary development of participatory approaches and practice the methods in order for them to enhance their capability in increasing participation of community in their development work.

*Series 1: Fundamental of Participation and Development training was conducted on 6-8 July 2011.*

Participants loved to participate and learn from role play sessions because it taught them how to solve the problem while facilitating, what rules facilitators obey and which tools should use to get more participation.

- The session I like most is trust Building it is essential thing between community and organization.
- "Work shopping" because it is very useful when I go to community for collecting idea and data.
- I like "Questioning Skill" the most. I didn't know the aspects of my questions before but now I know.

*Series 2: Early Development of Participatory Approaches was conducted on 17-19 August 2011.*

In this training, participants liked Transect Walk, Seasonal Calendar, Time line, Pair Work, and Venn diagram most because they could also be applied in our works. Thy said that they could see clearly what's their strengths, and weakness because of using and practicing these tools and methods within the training.

*Series 3: Contemporary Development of Participatory Approaches was conducted on 7-9 September 2011.*

At the end of the training, participants understood appreciative inquiry approaches, technology of participation, participatory evaluation approaches. They can be used the tools and methods which they learnt from this training in their related work.

## ပူးပေါင်းပါဝင်စေသောနည်းလမ်းများ၏ဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာ သင်တန်းများ

စီဘီအိုင်အနေနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းများ၌ လူထု၏ပူးပေါင်းပါဝင်လာမှု တိုးတက်လာစေဖို့အတွက်ရည်ရွယ်ပြီး ပူးပေါင်းပါဝင်စေသော နည်းလမ်းများ၏ ဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာ စီးရီးသင်တန်းများ ပို့ချပေးလျက်ရှိနေပါတယ်။ လူထုဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၊ ပူးပေါင်းပါဝင်စေသောနည်းလမ်းများ၏ ကနဦးတိုးတက် ဖြစ်ပေါ်မှုများ၊ ခေတ်ပေါ် တိုးတက်ဖြစ်ပေါ်မှုများနဲ့ ပတ်သက်ပြီး သင်ယူလေ့လာခွင့်ရကြဖို့နဲ့ နည်းလမ်းတွေကို လေ့ကျင့်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

## ပူးပေါင်းပါဝင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံများ ( ဇူလိုင်လ ၆ – ၈ )

သင်တန်းသားတွေဟာ သဏ္ဌာန်လုပ်သရုပ်ပြ တင်ဆက်ပြသမှုတွေ ပြုလုပ်ရင်း တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။ ပူးပေါင်းပါဝင်မှု ပိုမိုရရှိလာအောင် ပံ့ပိုးကူညီမှုပြုလုပ်နေစဉ်မှာ အခက်အခဲပြဿနာတွေကို ဖြေရှင်းပုံ၊ ပံ့ပိုးကူညီသူတစ်ယောက် ကျင့်သုံးရမယ့် စည်းမျဉ်းတွေ၊ အသုံးပြုရမယ့်ကိရိယာတွေကို သိရှိလေ့လာခွင့်ရကြလို့ပဲ ဖြစ်ပါတယ်။

- ယုံကြည်မှုတည်ဆောက်ခြင်း အခန်းကဏ္ဍကိုအကြိုက်ဆုံးပါပဲ။ လူထုနဲ့ အဖွဲ့အစည်းကြားမှာ မရှိမဖြစ် လိုအပ်နေတဲ့ အရာတစ်ခုပါ။
- လူထုထဲမှာ စိတ်ကူးအကြံဉာဏ်တွေ အချက်အလက်တွေ သွားရောက်ကောက်ယူတဲ့နေရာမှာ အရမ်းအသုံးဝင်ပါတယ်။
- မေးခွန်းမေးခြင်းစွမ်းရည်ကို နှစ်သက်ပါတယ်။ အရင်က မိမိမေးလိုက်တဲ့မေးခွန်းဟာ ဘယ်ရှုထောင့်မှာပါနေသလဲဆိုတာ မသိခဲ့ပါဘူး။ အခုတော့ သိသွားပါပြီ။

## ပူးပေါင်းပါဝင်စေသောနည်းလမ်းများ၏ကနဦးတိုးတက်ဖြစ်ပေါ်မှုများ ( ဩဂုတ်လ ၁၇ – ၁၉ )

သင်တန်းသားတွေဟာ ကျေးရွာဖြတ်လျှောက်လေ့လာခြင်း၊ ရာသီခွင်ပြဇယား၊ အချိန်ကာလပြမျဉ်း၊ နှစ်ခုတွဲနှိုင်းယှဉ်ခြင်း၊ ဗင်ပုံစံ စတာတွေကို ကြိုက်နှစ်သက်ကြပြီး လုပ်ငန်းခွင်မှာ ပြန်လည်အသုံးချဖို့ တက်ကြွနေကြပါတယ်။ အဆိုပါ နည်းလမ်းတွေကို သင်တန်းကာလမှာ လက်တွေ့လေ့ကျင့်ခွင့်ရခဲ့လို့ သူတို့ရဲ့ အားနည်းချက် အားသာချက်တွေကို သိမြင်လိုက်ရကြောင်းလည်း ပြောကြားသွားကြပါတယ်။

## ပူးပေါင်းပါဝင်သောနည်းလမ်းများ၏ခေတ်ပေါ်တိုးတက်ဖြစ်ပေါ်မှုများ ( စက်တင်ဘာလ ၇ – ၉ )

တက်ရောက်လာသူတွေဟာ သင်တန်းအပြီးမှာတော့ အသိအမှတ်ပြုတန်ဖိုးထား ဆန်းစစ်တဲ့နည်းလမ်းများ၊ ပူးပေါင်းပါဝင်လာစေမယ့် နည်းလမ်းများ၊ ပူးပေါင်းပါဝင်မှု ဆန်းစစ်အကဲဖြတ်ခြင်းနည်းလမ်းများကိုနားလည်သွားကြပါတယ်။ သူတို့ရဲ့ သက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာလည်း သင်တန်းက သိရှိလာသည့် နည်းလမ်းတွေ၊ ကိရိယာတွေကိုလည်း ပြန်လည်အသုံးချနိုင်မှာ ဖြစ်ပါတယ်။

## Facilitation Skills Trainings at Yangon and Mandalay



CBI Training Team conducted two Facilitation Skills Trainings on 12-14 July and 14-16 September in Yangon and Mandalay in accordance with developing the facilitation skills and methods necessary to implement the participatory training and community facilitation effectively. At the end of the trainings, participants acquired process facilitation skills and methods and have confidence to apply these skills and methods based on the experiential learning cycle.

## Participatory Learning and Action (PLA) at Mawlamyine

Because of this training on 16-18 July, 18 participants got an opportunity to learn PLA and practiced the methods to enhance their capability in increasing participation of community in their development work. They understood clear definition of PLA, learnt methods and tools needed for action research and provided sample design for PLA based on their work.



## Project Management

During 27-28 July 2011, CBI training team provided Project Management Training at CBI training room with 17 participants. This training emphasized for the participants to gain the better understanding of what a project is and develop the project management ability realizing the managing process and concepts in each phase of project circle.

## Human Resource Management (People Resourcing) Training

In order to promote the specific knowledge and skills related to people resourcing in organizations for enhancing the performance of human resources, this training was successfully conducted on 10-12 August 2011. 18 participants -6 male and 12 female- from 14 organizations actively participated in the training.

## Team Building Training



This three-day training was conducted from 17 to 19 August 2011 in Mawlamyaing. Totally 18 participants - 10 Male and 8 female - participated. After the training, participants gained knowledge on the concept of Team and Teamwork by exchanging the experience, reflected their team's condition and to gain some tips on how to contribute for effective team and knew some workable techniques which can enhance their team work.

## Essential Skills for Manager

CBI organized the training on "Essential Skills for Manager" on 24-26 August. Altogether 15 participants from 13 organizations attended the training. CBI aimed for the participants to know the fundamental skills of a manager that should be possessed, and to acquire essential skills that are applicable in doing operations and apply the competence gained in training in line with the own context.

## ပံ့ပိုးကူညီမှုစွမ်းရည် သင်တန်း (မော်လမြိုင် – မန္တလေး)

စီဘီအိုင်အနေနဲ့ ပံ့ပိုးကူညီမှုစွမ်းရည်သင်တန်းကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်နေ့အထိ ရန်ကုန်မြို့မှာ ပို့ချပြီးနောက် စက်တင်ဘာလ ၁၄ရက်နေ့ကနေ ၁၆ရက်နေ့အထိ မန္တလေးမြို့မှာ သွားရောက် ပို့ချခဲ့ပါတယ်။ သင်တန်းသားများအားလုံးသည် တက်ကြွစွာ ပါဝင်သင်ယူလေ့လာကြပြီး သင်တန်းတက်ရောက်ခွင့်မရရှိသူများကို ပြန်လည်မျှဝေပေးဖို့ စိတ်အားထက်သန်နေကြပါတယ်။ သင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ ယခုလိုမျိုးသင်တန်းတွေကို များစွာလိုအပ်ကြောင်းနဲ့ လက်တွေ့မှာလည်း အလွန်အသုံးဝင်ပါကြောင်း၊ နောက်ထပ်လည်း သင်တန်းတွေ လာရောက်ပို့ချပေးဖို့ဖိတ်ခေါ်ကြပါတယ်။

## ပူးပေါင်းပါဝင်သော လေ့လာသင်ယူဆောင်ရွက်ခြင်း

ဇူလိုင်လ ၁၆ရက်နေ့ကနေ ၁၈ရက်နေ့အထိပြုလုပ်ခဲ့တဲ့ ဒီသင်တန်းမှာ သင်တန်းသား ၁၈ယောက် ပါဝင်ခဲ့ပါတယ်။ သင်တန်းသား ၇ယောက်ဟာ ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့တဲ့ ပံ့ပိုးကူညီမှုစွမ်းရည်သင်တန်းကို တက်ရောက်ပြီးကြသူများဖြစ်ပါတယ်။ သူတို့အနေနဲ့ ဒီလိုသင်တန်းနှစ်ခုလုံးကို တက်ရောက်ခွင့်ရခဲ့ကြလို့ ချိတ်ဆက်အသုံးပြုနိုင်တာဖြစ်လို့ ပိုမိုအကျိုးရှိပါကြောင်း ပြောကြားခဲ့ကြပါတယ်။ သင်တန်းသားအားလုံးကတော့ ပူးပေါင်းပါဝင်မှုဆိုတာ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အဓိက အရေးပါတဲ့ အခန်းကဏ္ဍဖြစ်တာကြောင့် ယခုလိုမျိုး ပူးပေါင်းပါဝင်မှုရအောင် ပံ့ပိုးကူညီခြင်း ဆိုင်ရာ နည်းလမ်းတွေကို သိရှိရတာဟာ အလွန်အသုံးဝင်ပါကြောင်း ပြောကြားကြပါတယ်။ ဒါ့အပြင် ပိုမိုထဲထဲဝင်ဝင် လေ့လာလိုတာကြောင့်လည်း သင်တန်းကာလကို တိုးမြှင့်ပေးစေလိုကြောင်းလည်း တောင်းဆိုကြပါတယ်။



## စီမံချက် စီမံခန့်ခွဲမှုပညာ

ဒီသင်တန်းကိုတော့ ဇူလိုင်လ ၂၇ရက်နေ့နဲ့ ၂၈ရက်နေ့တွေမှာ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ သင်တန်းသား ၁၇ယောက် ပါဝင်ခဲ့ပြီး စီမံချက်နဲ့ပတ်သက်ပြီး ပိုမိုနားလည်သွားစေဖို့နဲ့ စီမံချက်ကိုစီမံခန့်ခွဲတဲ့ စွမ်းဆောင်ရည် ကို မြှင့်တင်ပေးဖို့ အဓိက ဦးတည်ခဲ့ပါတယ်။ စီမံချက်အဆင့်တစ်ဆင့်ချင်းစီရဲ့ အယူအဆတွေ ဖြစ်စဉ်တွေကို စီမံခန့်ခွဲတာတွေနဲ့ ပတ်သက်ပြီးလည်း နားလည်သိရှိ သွားကြပါတယ်။



## လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း (အရင်းအမြစ်ဖြည့်တင်းခြင်း) သင်တန်း

အဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေ ပိုမိုကောင်းမွန်လာစေရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖြည့်တင်းခြင်းဆိုင်ရာ ဗဟုသုတတွေ စွမ်းရည်တွေ တိုးတက်သွားစေဖို့ ရည်ရွယ်ပြီး ဒီသင်တန်းကို ဩဂုတ်လ ၁၀ရက်နေ့ကနေ ၁၂ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ ပြည်တွင်းအဖွဲ့အစည်း ၁၄ဖွဲ့မှ အမျိုးသား ၆ယောက်၊ အမျိုးသမီး ၁၂ယောက်၊ စုစုပေါင်း ၁၈ယောက် တက်ကြွစွာပါဝင်ခဲ့ပါတယ်။

## အသင်းအဖွဲ့စည်းလုံးမှုမြှင့်တင်ခြင်းသင်တန်း

ဩဂုတ်လ ၁၇ရက်နေ့ကနေ ၁၉ရက်နေ့အထိ မော်လမြိုင်မြို့မှာ သွားရောက်ပို့ချခဲ့ပါတယ်။ အမျိုးသမီး ၈ဦးနဲ့ အမျိုးသား ၁၀ဦး စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါတယ်။ သင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ တက်ရောက်လာသူတွေနဲ့ အတွေ့အကြုံတွေ ဖလှယ်ကြရင်း အသင်းအဖွဲ့စည်းလုံးမှုဆိုင်ရာ အသိအမြင်တွေ၊ အသင်းအဖွဲ့လုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့ အသိပညာတွေ ရရှိသွားကြပြီး၊ သူတို့ရဲ့ အသင်းအဖွဲ့များကိုလည်း ပြန်လည်ထင်ဟပ် သုံးသပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ထိရောက်အောင်မြင်တဲ့ အသင်းအဖွဲ့မှာ ဘယ်လိုပါဝင်လုပ်ဆောင်ရမယ်ဆိုတာတွေနဲ့ အသင်းအဖွဲ့အလိုက် လုပ်ဆောင်ချက်တွေ တိုးတက်ကောင်းမွန်လာစေဖို့ အသုံးဝင်တဲ့ နည်းလမ်းတွေကိုလည်း ရရှိသွားကြပါတယ်။

## မန်နေဂျာတို့အတွက် မရှိမဖြစ်စွမ်းရည်များ

ဩဂုတ်လ ၂၄ရက်နေ့ကနေ ၂၆ရက်နေ့အထိ သုံးရက်တာ ပြုလုပ်ခဲ့တာဖြစ်ပြီး အဖွဲ့အစည်း ၁၃ခုက တက်ရောက်လာသူ သင်တန်းသားပေါင်း ၁၅ယောက်ရှိခဲ့ပါတယ်။ စီဘီအိုင်အနေနဲ့ကတော့ ဒီသင်တန်းကို မန်နေဂျာတစ်ယောက်မှာ အခြေခံရှိနေသင့်တဲ့ စွမ်းရည်တွေကို သိရှိသွားကြပြီး စီမံချက်တွေလုပ်ဆောင်ရာမှာ အသုံးဝင်တဲ့ လိုအပ်တဲ့စွမ်းရည်တွေ ရရှိသွားစေဖို့ သူတို့ရဲ့ သက်ဆိုင်ရာ လုပ်ငန်းခွင်တွေမှာ ပြန်လည်အသုံးချနိုင်စေဖို့ ရည်ရွယ်ပါတယ်။



## Social Mobilization and Participatory Learning and Action (PLA) Training

This training was requested by Deutsche Welthungerhilfe e.V (WHH), international NGO. With the main purpose for the participants to know the basic concept of Social/Community Mobilization and to have clear understanding of the aspect of participation, facilitation and communication, Participatory Learning Action (PLA) and its tools, CBI training team conducted the training from 26 to 30 September. The training was carried out at Lashio, Northern Shan State with 27 participants.



## Social Mobilization and Facilitation

For Association of Medical Doctors of Asia (AMDA), CBI training team organized this training from 19 to 23 September at Laukai, Northern Shan State. After the training, 27 participants knew the basic concept of Social/Community Mobilization and developed their facilitation skills and methods necessary to implement the participatory training and community facilitation effectively.



## Leadership

CBI conducted this training from 24 to 26 August in accordance with the agreement between Three Disease Fund (3DF). 23 participants from the organizations which are implementing 3DF Projects attended.

## Project Cycle Management

This training was conducted for the staff of Myanmar Health Assistant Association (MHAA) from 21 to 23 September. 24 participants attended in this 3-day training. At the end of the training, the participants gained the comprehensive knowledge of the project cycle management and they were confident to apply in development projects.

## Essential Facilitation

Thadar Consortium requested CBI to conduct this training for their staff in order to develop the facilitation skills and methods necessary to implement the participatory training and community facilitation effectively. This training was conducted from 24 to 26 August with 23 participants.

## Facilitation Skills

During 17 to 19 August, CBI training team organized this training for the staff of Karen Baptist Convention (KBC) in Yangon. Total number of 25 participants attended. During this three training days, participants acquired fresh skills and methods in providing community facilitation and participatory training.



## လူထုစည်းရုံးလှုံ့ဆော်ခြင်းနှင့် ပူးပေါင်းပါဝင်သောလေ့လာသင်ယူဆောင်ရွက်ခြင်း



ဒီသင်တန်းကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ WHHက တောင်းဆိုခဲ့တာပါ။ လူထုစည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ အသိအမြင် အယူအဆတွေကို သိရှိသွားစေဖို့၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရှုထောင့်အမျိုးမျိုး၊ ပံ့ပိုးကူညီခြင်းနဲ့ ဆက်သွယ်ဖလှယ်ခြင်း၊ ပူးပေါင်းပါဝင်သော လေ့လာသင်ယူဆောင်ရွက်ခြင်းနဲ့ ကိရိယာတွေကို သိမြင်နားလည်သွားစေဖို့ ရည်ရွယ်ပါတယ်။ စက်တင်ဘာလ ၂၆ရက်နေ့ကနေ ၃၀ရက်နေ့အထိ လားရှိုးမှာ ပို့ချခဲ့တာဖြစ်ပြီး တက်ရောက်သူသင်တန်းသားပေါင်း ၂၇ယောက်ရှိခဲ့ပါတယ်။

## လူထုစည်းရုံးလှုံ့ဆော်ခြင်းနှင့် ပံပိုးကူညီဆောင်ရွက်ခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မှာ စက်တင်ဘာလ ၁၉ရက်မှ ၂၃ရက်နေ့အထိ AMDA အဖွဲ့အစည်းအတွက် ပြုလုပ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ သင်တန်းသား ၂၇ယောက် တက်ရောက်ခဲ့ပြီး သင်တန်းအပြီးမှာတော့ လူထုစည်းရုံး လှုံ့ဆော်ခြင်းဆိုင်ရာ အခြေခံ သဘောတရားတွေကို သိရှိသွားခဲ့ကြပါတယ်။ ဒ့ါအပြင် ပူးပေါင်းပါဝင်တဲ့ သင်တန်းတွေ၊ လူထုပံ့ပိုးကူညီခြင်းများ အကောင်အထည် ဖော်ဆောင်ရာမှာ လိုအပ်တဲ့ ပံပိုးကူညီမှုဆိုင်ရာ နည်းလမ်းတွေနဲ့ စွမ်းရည်တွေလည်း တိုးတက်သွားကြပါတယ်။



## ခေါင်းဆောင်မှုစွမ်းရည်သင်တန်း

"ခေါင်းဆောင်မှုစွမ်းရည်" သင်တန်းကို ရောဂါသုံးမျိုးတိုက်ဖျက်ရေးအဖွဲ့နဲ့ သဘောတူညီထားချက်အရ ဩဂုတ်လ ၂၄ရက်နေ့ကနေ ၂၆ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းသား ၂၃ ယောက်ပါဝင်တက်ရောက်ခဲ့ပါတယ်။

## စီမံချက်စက်ဝန်း စီမံခန့်ခွဲမှုသင်တန်း

မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ ဝန်ထမ်းများအတွက် စက်တင်ဘာလ ၂၁ရက်နေ့ကနေစပြီး ၂၃ရက်နေ့အထိ သုံးရက်တာပြုလုပ်ရာမှာတော့ သင်တန်းသား ၂၄ယောက် ပါဝင်တက်ရောက်ခဲ့ပါတယ်။ သင်တန်း အပြီးမှာတော့ ဖွံ့ဖြိုးရေးစီမံချက်တွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပြန်လည် အသုံးချနိုင်တဲ့ စီမံချက်စက်ဝန်း စီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာ ဗဟုသုတတွေ ရရှိသွားကြပါတယ်။

## ပံပိုးကူညီခြင်းဆိုင်ရာသင်တန်း

သဒ္ဓါအဖွဲ့က သူတို့ရဲ့စီမံချက်ဝန်ထမ်းတွေ ပူးပေါင်းပါဝင်တဲ့သင်တန်းတွေ လူထုပံ့ပိုးကူညီခြင်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်နေတဲ့ ပံပိုးကူညီခြင်းဆိုင်ရာ စွမ်းရည်တွေနဲ့ နည်းလမ်းတွေ တိုးတက်လာစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ "ပံ့ပိုးကူညီခြင်းဆိုင်ရာ" သင်တန်းကို ပို့ချပေးဖို့ စီဘီအိုင်ကို တောင်းဆိုလာပါတယ်။ ဒ့ါကြောင့် ဒီသင်တန်းကို ဩဂုတ်လ ၂၄ ရက်နေ့ကနေ ၂၆ရက်နေ့အထိ သင်တန်းသား ၂၃ ယောက်နဲ့ ပြုလုပ်ခဲ့ပေးခဲ့ပါတယ်။

## ပံ့ပိုးကူညီခြင်းဆိုင်ရာသင်တန်း



အဆိုပါသင်တန်းကိုတော့ ဩဂုတ်လ ၁၇ရက်နေ့ကနေ ၁၉ရက်နေ့အထိ ကရင်နှစ်ချင်းခရစ်ယာန် အဖွဲ့ချုပ်အတွက် ပြုလုပ်ပေးခဲ့ရာမှာ သင်တန်းသား ၂၅ယောက် တက်ရောက်ခဲ့ပါတယ်။ ဒီသုံးရက်တာ သင်တန်းကာလမှာတော့ သင်တန်းသားတွေအနေနဲ့ လူထုပံပိုးကူညီခြင်းနဲ့ ပူးပေါင်းပါဝင်တဲ့သင်တန်းတွေပြုလုပ်ရာမှာ လိုအပ်တဲ့ စွမ်းရည်တွေနဲ့ နည်းလမ်းတွေကို ရရှိသွားကြပါတယ်။



## Communication Skills

Upon the agreement with Ratana Metta Organization (RMO), CBI training team provided this training from 10 to 12 August with 25 participants. The aim of this training was for the staffs of RMO to gain knowledge of communication in organizations and initiate the development of communication skills for internal and external communication.

## Proposal Writing and Project Cycle Management (PCM)

In this training, 17 staff from SHANAN and CEN participated. The training was conducted from 2 to 5 August at CBI training room.

## Report Writing

With the aim to equip the knowledge, methods and skills in writing clear concise and cohesive reports related to the work, CBI training team facilitated this training for Swiss Foundation for Development Cooperation (SWISSAID). 14 participants attended this training.





## Participatory Rural Appraisal (PRA)

With agreement between CBI and Solidarities International, CBI conducted this training for the staffs to be able to understand, practice and apply PRA concepts and tools in community development works. 30 participants attended this training from 2 to 6 August at Solidarities office, Kanpetlet, Chin State.

## Participatory Learning and Action

The training on PLA was organized by CBI Training Team for the staff of MDM (Médecins du Monde) in Pyar Pon in the delta. The aim was to be able to understand, practice and apply participatory leaning and action (PLA) concepts and tools in community development works. Totally 22 participants, 9 male and 13 female, attended the training.

## Monitoring and Reporting

CBI training team facilitated this training for the staffs of CESVI on 16-18 July 2011 in Pyin Oo Lwin. Altogether 27 participants actively participated. After this three-day training, participants realized Program Vs Project, Data Vs Information and got the basic concept of PCM. They also learnt how to collect data, compile and analyst them. Moreover they learned types of monitoring and had a chance to practice monitoring tools.





## ဆက်သွယ်ဖလှယ်မှု ကျွမ်းကျင်သင်တန်း

ရတနာ့မေတ္တာအဖွဲ့ရဲ့ တောင်းဆိုမှုအရ စီဘီအိုင်သင်တန်းအဖွဲ့အနေနဲ့ ဒီသင်တန်းကို ဩဂုတ်လ ၁၀ရက်နေ့ကနေ ၁၂ရက်နေ့အထိ ပြုလုပ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ သင်တန်းရည်ရွယ်ချက်ကတော့ ရတနာ့မေတ္တာဝန်ထမ်းတွေ အဖွဲ့အစည်းအတွင်း ဆက်သွယ်ဖလှယ်ခြင်းဆိုင်ရာ ဗဟုသုတတွေ ရရှိသွားကြပြီး အဖွဲ့အစည်းအတွင်းသာမက ပြင်ပနဲ့ဆက်သွယ်ဖလှယ်နိုင်တဲ့ စွမ်းရည်တွေ တိုးတက်မြင့်မားသွားစေဖို့ပဲ ဖြစ်ပါတယ်။

## အဆိုပြုလွှာများရေးသားခြင်းနဲ့ စီမံချက်စက်ဝန်းစီမံခန့်ခွဲမှု သင်တန်း

ဩဂုတ်လ ၂ ရက်နေ့ကနေ ၅ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့တဲ့ ဒီသင်တန်းမှာတော့ Shanan and Cen မှ ဝန်ထမ်း ၁၇ဦးပါဝင်ခဲ့ပါတယ်။



## အစီရင်ခံစာရေးသားနည်း သင်တန်း

သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် ရှင်းလင်းပြီး နားလည်ရလွယ်ကူတဲ့ အစီရင်ခံစာများ ရေးသားတတ်သွားစေဖို့ စွမ်းရည်တွေ နည်းလမ်းတွေ ဗဟုသုတတွေ ရရှိသွားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွစ်အိတ်စ်အဖွဲ့အတွက် ပံပိုးကူညီပေးခဲ့တာပဲဖြစ်ပါတယ်။ သင်တန်းသား ၁၄ ယောက် တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။



## လူထုပူးပေါင်းပါဝင်သော ရပ်ရွာဒေသ ဆန်းစစ်လေ့လာခြင်းနည်းလမ်းများ

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဆောလစ်ဒါရတီကနေ သူတို့ရဲ့ဝန်ထမ်းတွေ လူထုဖွံ့ဖြိုးတိုးတက်စေဖို့ လုပ်ငန်းများဆောင်ရွက်ရာမှာ လိုအပ်တဲ့ လူထုပူးပေါင်းပါဝင်တဲ့ ရပ်ရွာဒေသ ဆန်းစစ်လေ့လာခြင်းဆိုင်ရာ နည်းလမ်းတွေ အသိပညာတွေ တိုးတက်သွားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တောင်းဆိုခဲ့တာပါ။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့မှာ ဩဂုတ်လ ၂ ရက်နေ့ကနေ ၆ရက်နေ့အထိပြုလုပ်ခဲ့တဲ့ ဒီသင်တန်းမှာတော့ သင်တန်းသား ၃၀ ဦးပါဝင်တက်ရောက်ခဲ့ပါတယ်။

## ပူးပေါင်းပါဝင်သော လေ့လာသင်ယူဆောင်ရွက်ခြင်း



အမ်မ်ဒီအမ်မ်မှ ဝန်ထမ်းတွေအတွက် ရည်ရွယ်ပြီး ပြုလုပ်ပေးခဲ့တာပဲဖြစ်ပါတယ်။ လူထုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြန်လည်အသုံးချဖို့ရန်အတွက် ပူးပေါင်း ပါဝင်တဲ့ လေ့လာသင်ယူဆောင်ရွက်ခြင်းဆိုင်ရာ အသိပညာတွေ နည်းလမ်းတွေကို နားလည်သွားကြဖို့နဲ့ အလေ့အကျင့်လုပ်စေလိုတာကြောင့် ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ ဒီသင်တန်းကို ဖျာပုံမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး သင်တန်းသား ၂၂ ယောက်၊ အမျိုးသား ၉ယောက်နဲ့ အမျိုးသမီး ၁၃ယောက် ပါဝင်ခဲ့ပါတယ်။

## စောင့်ကြည့်လေ့လာခြင်းနဲ့ အစီရင်ခံစာတင်ခြင်း

ဇူလိုင်လ ၁၆ရက်နေ့ကနေ ၁၈ရက်နေ့အထိ ပြင်ဦးလွင်မှာ ပြုလုပ်ခဲ့ရာမှာတော့ ဆက်စ်ဗွီက ဝန်ထမ်း ၂၇ယောက် တက်ကြွစွာပါဝင်ခဲ့ပါတယ်။ သုံးရက်တာသင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ အစီအစဉ်နဲ့စီမံချက်၊ အချက်အလက်နဲ့ သတင်းဆိုတာတွေနဲ့ပတ်သက်ပြီး နားလည်သွားကြသလို စီမံချက်စက်ဝန်း စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံ အသိပညာတွေကိုလည်းရရှိသွားကြပါတယ်။ အချက်အလက်တွေ စုဆောင်းပြီး စနစ်တကျ ထည့်သွင်းခြင်း၊ စီစစ်ခြင်းတွေကိုလည်း သင်ယူလေ့လာခွင့်ရခဲ့ကြပါတယ်။ ဒါ့အပြင် စောင့်ကြည့်လေ့လာခြင်းနည်းလမ်းများကို သိရှိသွားကြပြီး စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ကိရိယာတွေကို လေ့ကျင့်ခွင့်ရသွားကြပါတယ်။

## ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့

၂၀၁၁ ဇူလိုင်လမှစ၍ ပြည်တွင်းအရင်းအမြစ်ဌာနကို ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (Local Resource Centre) ဟုအမည်ပြောင်းပြီး ပြည်တွင်းလူမှု ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပါသည်။

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့၏ အဓိကလုပ်ငန်းရပ်များအနက်မှ Monitoring & Accountability Programme အနေဖြင့် အောက်ပါလုပ်ငန်း (၂) ရပ်ကို ဆောင်ရွက်လျက် ရှိပါသည်။

လူမှုရေးအဖွဲ့အစည်း အသီးသီးတို့သည် ၎င်းတို့နှင့်သက်ဆိုင်ရာ ဒေသခံလူထုအတွက် တာဝန်ခံ ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးခြင်းနှင့် ၎င်းအဖွဲ့အစည်းအသီးသီး၏ မှန်ကန်ကောင်းမွန်သော အုပ်ချုပ်မှု ဖြစ်ထွန်းရေးအတွက် အထောက်အကူပေးသည့် သင်တန်းများ ပြုလုပ်ပေးခြင်းနှင့် နည်းပညာပံ့ပိုးမှုပေးခြင်း၊ ယင်းကဲ့သို့ သင်တန်းများ ပြုလုပ်ပေးခြင်းနှင့် နည်းပညာပံ့ပိုးမှုပေးခြင်းအတွက် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများကို အခမဲ့ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

**"Among the three major intervention programmes of Local Resource Centre, Monitoring & Accountability programme promotes accountability of CSOs to their constituencies and assists CSOs in the development of good governance."**

## Capacity Development Service of LRC on Accountability Initiatives

After the cyclone Nargis, the Accountability & Learning Working Group (ALWG) has been formed by interested member organizations including INGOs, LNGOs and Donor Agencies. Since then, LRC has actively engaged in accountability initiatives and taken the responsibility of permanent co-chair for the functioning of ALWG. In line with the training needs identified in the ALWG meetings, LRC has played a central role in providing technical expertise in this field. Besides, according to the training evaluation and feedback of 13 accountability trainings and 2 accountability workshops in 2009-2010, accountability is still raised as a priority need for Civil Society Organizations (CSOs). Thus, Monitoring & Accountability team of LRC has discussed with Accountability Resource Pool and planned to provide accountability training series especially for local NGOs in order to enhance the accountability and responsiveness mechanism and promote the benefits of having accountability mechanism in place. In February 2011, the team conducted Participatory Review & Reflection workshop for the impact assessment of previous training series with the training participants.

Based on the feedback, M&A team in cooperate with Accountability Resource Pool has redesigned the accountability training series and has been providing the capacity development training services on

**(1) Introduction to Accountability,**

**(2) Accountability & Self-Assessment Tools,**

**(3) Complaint Handling & Response Mechanism / Feedback System (including field visit) and**

**(4) Financial Accountability.**

The training fees are free of charge for local NGOs.

M&A programme provides not only training service but also technical support service as follows:

- Mainstreaming accountability within the project cycle
- Mainstreaming quality & accountability initiatives in current project action plan
- Setting up accountability response mechanism (feedback system / complaint handling & response mechanism / community feedback mechanism)
- Reviewing and Consultation on established accountability response mechanism of organization

## Sphere 2011 Training

LRC organized Sphere 2011 Training for the Accountability & Learning Working Group member organizations on 30-31 August 2011 at LRC. Training facilitators are Sphere 2011 TOT participants from Oxfam, CARE and LRC with Technical Resource Person from Church World Service. The objectives of the training were:

(1) to introduce the Sphere 2011 new version handbook and

(2) to describe how to use the handbook in the realm of humanitarian action. Altogether 18 participants from 9 LNGOs, 4 INGOs and 1 UN agency attended the two-day training.



*"Sphere 2011 Training on 30-31 August at LRC"*

## Complaint Handling and Response Mechanism Training



*"Complaint Handling & Response Mechanism Training on 17-19 August 2011 at LRC"*

LRC in cooperate with Accountability Resource Pool provided Complaint Handling & Response Mechanism Training for local NGOs on 17-19 August 2011. The objective of the training was "to improve quality of work and provide appropriate responses to the beneficiaries through Complaint Handling & Response Mechanism / Community Feedback Mechanism. Total 31 participants attended the training. In the training, one day field visit was supported by UNDP to learn their Community Feedback Response Mechanism in Kyaiklatt Township.

## HAP 2010 and Sphere 2011 Introduction Workshop

Oxfam, LRC and Myanmar Red Cross Society cooperated and facilitated the HAP 2010 & Sphere 2011 Introduction Workshop on 13 July 2011 at Nay Pyi Taw for 30 Government Officials from Ministry of Social Welfare, Relief & Resettlement, Ministry of Home Affairs, Ministry of National Planning and Economic Development and Ministry of Health.



*"HAP 2010 & Sphere 2011 Introduction Workshop on 13 July 2011 at Nay Pyi Taw"*

## Accountability & Learning Working Group's Monthly Meeting

The regular monthly meeting of ALWG is organized by LRC on every first Thursday of the month time between 10:00am and 12:00pm at the meeting room of LRC. By conducting ALWG meetings, sharing short presentation of good practices, discussing and sorting out the challenges when doing Humanitarian works, helping members each others are the very best and incredible characteristics of monthly ALWG meeting. Staff of member organizations, other interested NGOs (both local and international) and UN as well as Donor Agencies usually joins the meeting

# Update NGO Contact Information

**United Nations Office for the Coordination of Humanitarian Affairs (UNOCHA), Myanmar's Office Address**
1st Floor, Inya Lake Hotel, 37, Kaba Aye Pagoda Road, Yangon, Myanmar
Phone: 95 1 662 866, 662 857-59, Fax: 95 1 665537, Email: ochamyanmar@un.org

**Myanmar Agro Action (MAA)**
Room (004), Building-10, Ground Floor, Yadanar Lanthit Housing, 10 South Quarter, Tharkayta Township, Yangon, Myanmar
Phone: 95 9 503 566, Email : maa.ngo26@gmail.com

**Women Organization Network(WON)**
Room 3/B, Building 11, SanYeikNyain 1st Street, Kamayuk Township, Yangon, Myanmar
Phone: 95 9 730 210 25

**Pyinnya Tago**
No. 47,Room 16, Thamine Butaryone Street, 2 Quarter, Mayangone Township, Yagnon, Myanmar
Phone 95 9 731 93796

**Thingaha Organization : New line phone number (95 1 527175)**
**Local Resource Centre (LRC) : New Email Address (lrcyangon@lrcmyanmar.org)**

Available at
CBI Resourc Centre
V
V
V




"လူသာလျှင် ပဓာန" စာအုပ်များကို စီဘီအိုင် အရင်းအမြစ်ဌာနတွင် တစ်အုပ်လျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။

## Remaining Training Courses by LRC in 2011-2012

| No. | Workshop/Training Title | Delivery Date | Invitation Date | Application Closing | Confirmation Date |
|---|---|---|---|---|---|
| 1 | Complaint Handling & Response Mechanism/Feedback System (T-3, Batch 2) | 17-19 January 2012 | 14 December 2011 | 5 January 2012 | 6 January 2012 |
| 2 | Financial Accountability (T -4, Batch 2) | 15-16 March 2012 | 10 February 2012 | 2 March 2012 | 5 March 2012 |

Training Facilitation by:
M&A Team of LRC in cooperate with Accountability Resource Pool, Accountability & Learning Working Group (ALWG)

Contact Us:
Daw Htwe Htwe Hlaing
(Monitoring & Accountability Officer)
Local Resource Centre
website: www.lrcmyanmar.org
E-mail:hlaing.htwehtwe@gmail.com,
Phone: 536333, 535611 Ext: 402, 536428 (direct)